# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
## မြန်မာနိုင်ငံ

စာစဉ် ၉ | ၁-၃၁ အောက်တိုဘာ ၂၀၁၄

OCHA



ကချင်၊ လိုင်ဇာရှိ IDP စခန်းမှ အဖိုးနှင့် မြေးငယ်၊ ဓာတ်ပုံ - OCHA

## ဤစာစဉ်တွင်

ရခိုင်နှင့် ကချင်တွင် မိုးခိုရာနေရာများ ပြင်ဆင်ခြင်း စာ-၁
ရခိုင်တွင် နိုင်ငံသားဖြစ်မှု စိစစ်ခြင်း စာ-၂
မိတ္ထီလာတွင် လူ ၃,၃၀၀ နေရပ်စွန့်ခွာတိမ်းရှောင်ဆဲ စာ-၃
ကျောင်းနေကလေးများ ရိက္ခာ ဖြတ်တောက်ခံရနိုင် စာ-၄

## အဓိက အချက်များ

- ရခိုင်နှင့် ကချင်တွင် မိုးခိုရာနေရာ ပြင်ဆင်ထိန်းသိမ်းမှုများ အရှိန်မြှင့်ရန် လိုအပ်၊
- ရခိုင်၊ မြေပုံတွင် IDP များအတွက် ရွှေ့ပြောင်းနိုင်ငံသားစိစစ်ရေးစီမံချက်၊
- မိတ္ထီလာရှိ ထိခိုက်အလွယ်ဆုံး နေရပ်စွန့်ခွာတိမ်းရှောင်သူများ ဆောင်းရာသီအတွက် စောင်၊ ဖျာနှင့် အခြားအကူအညီများ လိုအပ်၊
- ကျောင်းနေကလေးသူငယ် ၁၇၄,၀၀၀ ဦးနှင့် ၎င်းတို့ မိသားစုများ စာသင်နှစ်မကုန်မီ စားနပ်ရိက္ခာ ဖြတ်တောက်မှုနှင့် ကြုံရဖွယ်ရှိနေ။

## အဓိက ကိန်းဂဏန်းများ

### ရခိုင်ပြည်နယ် လူသားချင်းစာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၁၃၉,၀၀၀ |
| အစားအစာမလုံလောက်သူ | ၇၀,၀၀၀ |
| ရပ်ရွာခံ သို့မဟုတ် ပတ်ဝန်းကျင် ရွာများမှ လူများ | ၁၀၀,၀၀၀ |

### ကချင်နှင့် ရှမ်းမြောက် လူသားချင်းစာနာမှု အကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၈၆,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၁၃,၀၀၀ |

### ရန်ပုံငွေ

၁၉၂ သန်း
(အမေရိကန်ဒေါ်လာ)
တောင်းခံထား

၅၀% ရရှိပြီး

ကိုးကား - UNHCR၊ OCHA၊ CCCM
*အောက်တိုဘာ ၃၁ ကရရှိသော UNHCR(CCCM) ကိန်းဂဏန်းများ

# ရခိုင်နှင့် ကချင်ရှိ IDP မိုးခိုရာနေရာများကို ပြန်လည်ပြင်ဆင်

ရခိုင်ပြည်နယ်တွင် လူများစွာ နေရပ်စွန့်ခွာတိမ်းရှောင်မှုနှင့် IDP စခန်း အကြီး ၂၃ ခုအပါအဝင် အခြားအသေးစား IDP စခန်းများ တည်ထောင်ပေးရမှုတို့ ဖြစ်ပေါ်စေခဲ့သည့် လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုဖြစ်ပွားခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်သည်။ လူ ၁၃၉,၀၀၀ ဦးခန့်မှာ စစ်တွေမြို့ပြင်နှင့် ပြည်နယ်အနှံ့ အခြားမြို့နယ်များရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် စခန်းများတွင် နေထိုင်နေရဆဲ ဖြစ်သည်။ ယာယီစခန်းများတွင် ပျက်စီးယိုယွင်းမှုများ နှစ်နှစ်ကျော်ကြာပြီးနောက် အဓိက လိုအပ်ချက်တစ်ခုမှာ ယာယီမိုးခိုရာနေရာများ ထိန်းသိမ်းပြင်ဆင်ရေးဖြစ်သည်။ ယာယီမိုးခိုရာနေရာများသည် ကာလတိုတစ်ခုအတွက် တည်ဆောက်ထားခြင်းဖြစ်ပြီး အများစုမှာ လက်ခံနိုင်လောက်သည့် အဆင့်ရှိစေရန် သိသိသာသာ အဆင့်မြှင့်တင်မှုနှင့် ပုံမှန် ထိန်းသိမ်းမှုများလိုအပ်နေသည်။

Danish Refugee Council၊ နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ၊ Lutheran World Federation နှင့် UNHCR အပါအဝင် လူသားချင်းစာနာမှုအဖွဲ့များသည် အခြေခံပြင်ဆင်မှုများ ဆောင်ရွက်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအား ထောက်ပံ့ပေးလျက်ရှိသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ လှုပ်ရှားသွားလာမှု ကန့်သတ်ချက်များနှင့် ရင်ဆိုင်နေရပြီး ဆောက်လုပ်ပြုပြင်ရေးပစ္စည်းများကို လက်လှမ်းမမီသည့်အလျောက် ရခိုင်ပြည် နယ်ရှိ စခန်းများမှ မိုးခိုရာနေရာများ ပြုပြင်ရေးတွင် လူသားချင်းစာနာမှုအဖွဲ့များ၏ အထောက်အပံ့မှာ အလွန်အရေးပါသည်။



ရခိုင်ပြည်နယ်၊ ပေါက်တော်ရှိ ၄က်ချောင်း IDP စခန်းမှ အိမ်တစ်အိမ်ရှိ ကလေးသူငယ်များ ၊ ဩဂုတ် ၂၀၁၄။ ဓာတ်ပုံ - OCHA / စီ၊ လီယာစင်

ဖွန်မှ စက်တင်ဘာအကုန်ထိ မိုးရာသီ တစ်လျှောက် ဦးစားပေးလုပ်ငန်းမှာ မိုးခိုရာ နေရာများအတွက် အမိုးပြုပြင်ရေးဖြစ်သည်။ ကြမ်းခင်း၊ နံရံနှင့် တံခါးများကိုလည်း ပြုပြင်နေပြီး အဖွဲ့အစည်းများက စခန်းများရှိ အိမ်ရာများ အလုံးအထည် ပြင်ဆင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိသည်။

## ရခိုင်ပြည်နယ်ရှိ လူ ၁၅,၀၀၀ ဦးကျော်အတွက် မိုးခိုရာနေရာများ အရေးပေါ် ပြုပြင်ရန် လိုအပ်

စစ်တွေ၊ ပေါက်တောနှင့် မြေပုံမြို့နယ်များရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် စခန်းအရေ ၂၀ ရှိ မိုးခိုရာနေရာများ ထိန်းသိမ်းပြင်ဆင်မှုတွင် နိုင်ငံတကာအဖွဲ့အစည်းများက ဦးဆောင်ရန်အတွက် မိုးခိုရာနေရာအကူအညီပေးအပ်လျက်ရှိသော လူသားချင်းစာနာမှုအဖွဲ့များက ရခိုင်ပြည်နယ်အစိုးရနှင့်သဘောတူညီထားသည်။ ဤစခန်းများတွင် ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၈၀ ရာခိုင်နှုန်းခန့် နေထိုင်ကြသည်။ ရခိုင်ပြည်နယ်အစိုးရက ပြည်နယ်အတွင်း အခြားမြို့နယ်များမှ စခန်းများရှိ မိုးခိုရာနေရာများ ထိန်းသိမ်းပြုပြင်ရေးကို တာဝန်ယူမည်ဟု သဘောတူညီထားသည်။

စခန်း ၁၈ ခုတွင် ဆောင်ရွက်ခဲ့သော အကဲဖြတ်လေ့လာမှုများအရ အောက်တိုဘာ ၂၀၁၄ အကုန်တွင် လူ ၃၀,၀၀၀ ကျော်နေထိုင်သော မိုးခိုရာနေရာ ၅,၇၀၄ လုံး အရေးပေါ်ပြင်ဆင်ရန်လိုအပ်နေသည်ကို တွေ့ရသည်။ ယခုအထိ ရခိုင်ပြည်နယ်အစိုးရနှင့်ညှိနှိုင်းရွေးချယ်ထားသော ဒေသခံ ဆောက်လုပ်ရေးသမားများအား အသုံးပြု၍ တစ်ဝက်ခန့်ကို ပြင်ဆင်ပြီး ဖြစ်သည်။ ပေါက်တောရှိ စခန်း နှစ်ခုနှင့် ရခိုင်ပြည်နယ်အစိုးရက ပြင်ဆင်ထိန်းသိမ်းရန် တာဝန်ယူမည်ဟု သဘောတူထားသော စခန်းများနှင့် တည်နေရာများတွင် အကဲဖြတ်လေ့လာမှုများ ဆောင်ရွက်ရန် လိုအပ်နေသေးသည်။

## ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများအား အိမ်ရာပြင်ဆင်ရေးဆောင်ရွက်နိုင်စေရန် ဆောင်ရွက်ခြင်း

ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် အစိုးရတပ်ဖွဲ့များကြား တိုက်ပွဲပြန်လည် ဖြစ်ပွားသည့်အချိန်မှစ၍ စခန်းများတွင် သုံးနှစ်ကျော် နေထိုင်နေရသည်။ လက်ရှိ မိုးခိုရာနေရာအများစုမှာ ၂၀၁၁ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရေဒဏ်လေဒဏ် ခံနိုင်ခြင်းမရှိတော့ပေ။

*လက်ရှိ မိုးခိုရာနေရာအများစုမှာ ၂၀၁၁ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရေဒဏ်လေဒဏ် ခံနိုင် ခြင်းမရှိတော့ပေ။*

၂၀၁၄ ခုနှစ်တွင် ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်မှုဒေသများ အတွင်း စခန်းခြောက်ခုတွင် ဖွန် လမှ စက်တင်ဘာလထိ ရှေ့ပြေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လူသားချင်းစာနာမှုအဖွဲ့များသည် နေရပ်စွန့်ခွာတိမ်းရှောင်သူများအား အသေးစားပြင်ဆင်မှုများနှင့် အထွေထွေထိန်းသိမ်းမှုများကို မိမိတို့ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးခဲ့သည်။ ထိုလုပ်ငန်းကို ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ခပေးရန် အတွက် UNHCR က ဒေသခံမိတ်ဖက်အဖွဲ့များမှတစ်ဆင့် ပေးအပ်ထားသည့် အသေးစားရန်ပုံငွေကို ထိန်းသိမ်းထားသော ယာယီစခန်းစီမံခန့်ခွဲရေးကော်မတီများက ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်းကို ဒေသခံ NGO များ၏ အကူအညီဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်သည်။ မိုးခိုရာနေရာများ ပြင်ဆင်ထိန်းသိမ်းမှုကို ဤသို့ ချဉ်းကပ်ဆောင်ရွက်ခြင်းမှာ အကူအညီပေးရေးအေဂျင်စီများ ပြင်ဆင်ရေးလုပ်ငန်းအားလုံးတွင် တိုက်ရိုက် ပါဝင်ဆောင်ရွက်သည်ထက် အချိန်နှင့်ငွေကြေး ထိရောက်မှု ပိုမိုရှိသည်ဟု UNHCR က သုံးသပ်တင်ပြသည်။ ယင်းမှာ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ မိမိတို့ကိုယ်တိုင်ဆောင်ရွက်လိုမှုနှင့် အမိုးအခိုကင်းမှုတို့ကိုလည်း တိုးလာစေသည်။



ဖားကန့်ရှိ မိုးခိုရာနေရာများ မပြင်ဆင်မီနှင့် ပြင်ဆင်ပြီး၊ မတ် ၂၀၁၄။ ဓာတ်ပုံ - KMSS

### မိုးခိုရာနေရာ လုပ်ငန်းများ အရှိန်မြှင့်တင်ရန် လိုအပ်

ကချင်ပြည်နယ်တွင် မိုးခိုရာနေရာများ ပြန်လည်ဆောက်လုပ်ရန် လိုအပ်မှုကို လျော့ပါးစေရန် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် အထူးလိုအပ်သည်။ ၂၀၁၄ ခုနှစ်က ဆောက်လုပ်ခဲ့သည့် မိသားစုအခန်း ၂,၀၀၀ အနက် အနည်းဆုံး ၅၀ ရာခိုင်နှုန်းမှာ ပြင်ဆင် သို့မဟုတ် အဆင့်မြှင့်ရန်မဖြစ်နိုင်တော့သော အစားထိုးရန်လိုအပ်နေသည့် မိုးခိုရာနေရာများဖြစ်သည်။ မိုးခိုရာနေရာအသစ်ဆောက်လုပ်ခြင်းမှာ အကုန်အကျများပြီး မိသားစုတစ်စုစာ မိုးခိုရာနေရာတစ်ခုလျှင် အမေရိကန် ဒေါ်လာ ၁,၀၀၀ နီးပါး ကုန်ကျကာ ပြင်ဆင်စရိတ်မှာ ပျမ်းမျှ ဒေါ်လာ ၅၀-၁၀၀ သာရှိသည်။ လူသားချင်းစာနာမှုအဖွဲ့အစည်းများသည် စခန်းများအနှံ့ ပြင်ဆင်ထိန်းသိမ်းရေးလိုအပ်ချက်များကို ပိုမိုတိကျစွာ သိရှိနိုင်ရန်အတွက် အကဲဖြတ်လေ့လာမှုများ ဆောင်ရွက်လျှက်ရှိပြီး စီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် ကချင်ပြည်နယ်ရှိ စခန်းအားလုံးသို့ တဖြည်းဖြည်းချင်းတိုးချဲ့သွားရန် ရည်ရွယ်ထားသည်။

## မြေပုံမှ နိုင်ငံသားစိစစ်ရေးစီမံချက်

ဇွန်လမှစ၍ မြန်မာနိုင်ငံအစိုးရ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနက မြေပုံမြို့နယ်ရှိ တောင်ပေါ်ယာယီစခန်းတွင် ရှေ့ပြေး နိုင်ငံသားစီစစ်ရေးစီမံချက်ကို ဆောင်ရွက်လျှက်ရှိသည်။ အစိုးရ၏ ထုတ်ပြန်ချက်အရ ရှေ့ပြေးစီမံကိန်းအတွင်း လူ ၁,၂၁၈ ဦး နိုင်ငံသားလျှောက်ထားခဲ့ပြီး စခန်းမှ အကျုံးဝင်သော အရွယ်ရောက်ပြီး လူဦးရေ၏ ၉၃ ရာခိုင်နှုန်းဖြစ်သည်ဟု သိရသည်။ မြို့နယ်အဆင့် "စိစစ်ရေးကော်မတီ" က စိစစ်ရေးလုပ်ငန်းစဉ်၏ ပထမအဆင့်အဖြစ် လျှောက်လွှာများကို စိစစ်သည်။ စိစစ်ရေးလုပ်ငန်းကို ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်များတွင်လည်း ဆက်လက်ဆောင်ရွက်သည်။

စက်တင်ဘာလတွင် အစိုးရက နိုင်ငံသားကတ် ၂၀၉ ကတ် (နိုင်ငံသား ပန်းရောင်ကတ် ၄၀ ကတ်နှင့်ဧည့် နိုင်ငံသားများအတွက် အစိမ်းကတ် ၁၆၉ ကတ်) ထုတ်ပေးခဲ့သည်ဟု မီဒီယာအစီရင်ခံမှုများအရ သိရသည်။

ရခိုင်ပြည်နယ်တွင် နိုင်ငံသားဖြစ်ခွင့်မရသူ တစ်သန်းခန့်ရှိသည်ဟု UNHCR က ခန့်မှန်းသည်။

## မိတ္ထီလာမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများ ဆောင်းရာသီအတွက် အကူအညီများ လိုအပ်

မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာမြို့နယ်တွင်၂၀၁၃ခုနှစ်၊ မတ်လ၊ (၂၀)က ဖြစ်ပွားခဲ့သော လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုနောက်ပိုင်း လူ ၃,၃၀၀ ခန့် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်သည်။ ထိုအကြမ်း ဖက်မှုကြောင့် မြို့နယ် ၁၅ ခုတွင် လူ ၁၂,၀၀၀ ကျော် နေရပ် စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။အစိုးရ၏ ထုတ်ပြန်ချက်အရ၂၀၁၄ ခုနှစ်တွင် အသစ် တည်ဆောက်ထားသော အိမ်ရာများသို့ မိသားစု ၃၅၀ ပြန် လည် နေရာချ ထားပေးခဲ့သည်။ အခြားနေရပ်စွန့်ခွာ တိမ်းရှောင်သူများက ၎င်းတို့ ကိုယ်ပိုင်နည်းလမ်းများအသုံးပြု၍အိမ်များတည်ဆောက် သို့မဟုတ် အခြား နည်းလမ်းများ ရှာဖွေထားကြသည်။



မိတ္ထီလာ အားကစားကွင်းအတွင်းရှိ IDP များ၊ မေ ၂၀၁၄။ ဓာတ်ပုံ - OCHA

*ဆောင်းရာသီ ဝင်ရောက်လာသည့်နှင့်အတူ မိတ္ထီလာတွင် နေရပ်စွန့်ခွာ တိမ်းရှောင်နေဆဲ လူများ အနက် ထိခိုက်လွယ်သူ များအတွက် ဖျာများ၊ စောင်များနှင့် အခြားအခြေခံပစ္စည်းများ လိုအပ်နေ သည်။*

ဆောင်းရာသီ ဝင်ရောက်လာသည့်နှင့်အတူ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအပါအဝင် ထိခိုက်လွယ်သူများအတွက် ဖျာများ၊ စောင်များနှင့် အခြားအခြေခံပစ္စည်းများ လိုအပ်နေသည်။ နေရပ်စွန့်ခွာသူများအတွက် စခန်း လေးခုတွင် လုံလောက်သော ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးရေး အရေးကြီးသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရက လက်ကျန်နေရပ်စွန့်ခွာတိမ်းရှောင်မိသားစုများအတွက် အိမ်ရာများ ဆောက်လုပ်ပေးရန် အစိုးရရန်ပုံငွေရှာဖွေသွားမည်ဟု ဆိုထားသည်။ ရန်ပုံငွေရရှိပြီးပါက အိမ်အသစ်များ ဆောက်လုပ်ပြီးစီးရန် အနည်းဆုံး ခြောက်လကြာမည်ဖြစ်သည်။

## ကျောင်းနေကလေးသူငယ်များ အစားအစာရိက္ခာ ဖြတ်တောက်ခံရနိုင်ချေနှင့် ရင်ဆိုင်နေရ

မြန်မာနိုင်ငံရှိ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) သည် ရခိုင်၊ ကချင်နှင့် ရှမ်းမြောက်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၀၀,၀၀၀ အတွက် လစဉ် ဆန်ရိက္ခာဖြန့်ဖြူးမှုကို ၂၀ ရာခိုင်နှုန်းဖြတ်တောက်ရမည့် အခြေအနေမှ လွတ်ကင်းအောင် ရန်ပုံငွေ ရှာဖွေနိုင်ခဲ့သည်။ အလှူရှင်များထံမှ ရန်ပုံငွေပေးရန် ပြောကြားခဲ့မှုကြောင့် WFP သည် ဌာနတွင်း ကြိုတင်ဘဏ္ဍာငွေကို အသုံးပြုပြီး အနည်းဆုံး ၂၀၁၅ ဧပြီ မတိုင်ခင်အထိ IDP အစားအစာ ရိက္ခာအပြည့်ပေးနိုင်ရန် ဆောင်ရွက်ထားသည်။

သို့သော် နိုဝင်ဘာတွင် နောက်ထပ် ရန်ပုံငွေ မရရှိပါက WFP အနေဖြင့် ချင်း၊ မကွေး၊ ရှမ်းမြောက်၊ ရခိုင်နှင့် ဝရှိ စာသင်ကျောင်း အစားအစာကျွေးမွေးမှုအစီအစဉ်မှ အကျိုးခံစားနေရသော ကလေးသူငယ် ၁၇၄,၀၀၀ ဦးနှင့် ၎င်းတို့၏ မိသားစုဝင် ၅၂၂,၀၀၀ ဦးတို့အတွက် မိသားစုရိက္ခာ ဆန်ကို ဖြတ်တောက်ရမည်ဖြစ်သည်။ WFP သည် မြန်မာစာသင်နှစ်ကုန်ဆုံးမည့် ဖေဖော်ဝါရီ ၂၀၁၅ ထိ ကျောင်းနေကလေးသူငယ်များအတွက် ရိက္ခာအပြည့် ပေးနိုင်ရန် ဒေါ်လာ ၃ သန်း လိုအပ်သည်။


မကွေးရှိ ကျောင်းနေကလေးသူငယ်များတွက် မိသားစု ဆန်ဖြန့်ဝေမှု၊ ဇူလိုင် ၂၀၁၄။ ဓာတ်ပုံ - WFP/ အေ၊ ဆပဟာကျန်

<u>ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်</u>

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
- OCHA လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။

United Nations OCHA Facebook
www.facebook.com/OCHAMyanmar